## ချင်းပြည်နယ်အတွင်း ဝါးသုဉ်းမှုကြောင့် ငတ်မွတ်ခေါင်းပါးမှုဒါဏ်နှင့် နအဖ၏ မတရား အခွန်ကောက်မှုဒါဏ်ကိုခံနေရသော ချင်းပြည်သူများအတွက် နိုင်ငံတကာသို့ ပန်ကြားချက်

ချင်းအမျိုးသားတပ်ဦးသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကား ရေးနှင့် နှစ်ပေါင်း (၆၀) ကြာ ပြည်ထောင်စုတိုင်းရင်းသားနိုင်ငံရေးပဋိမက္ခ ဖြေရှင်းနိုင်ရေးအတွက် ၁၉၈၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ဖွဲ့စည်းသည့် အမျိုးသားတော်လှန်ရေးအဖွဲ့အစည်း ဖြစ်ပါသည်။

နအဖစစ်အုပ်စု၏ လုပ်ရပ်များကြောင့် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအားလုံးသည် အခက်အခဲဒုက္ခ များစွာနှင့်ရင်ဆိုင်နေရပါသည်။ နအဖစစ်အုပ်စုသည် ချင်းပြည်သူများကို လုံး၀ ဥပေက္ခာပြုသည်သာမက ချင်းလဲန်း အတွင်းရှိ နအဖစစ်သားများအား ချင်းပြည်သူများအပေါ် တရားဝင်ညှင်းပမ်းနိုပ်စက်ခွင့် ပေးထားပါသည်။

ပို၍ဆိုးသည်မှာ ၂၀၀၈ ခုနှစ်သည် ချင်းလဲန်အတွင်း ဝါးသုဉ်းမှုဒါဏ်ကြောင့် ချင်းပြည်သူ လေးပုံတပုံခန့်သည် အစားအစာ ငတ်မွတ်ခေါင်းပါးမှုဒါဏ်ကို အလူးအလဲ ခံစားနေသည့်အချိန်လည်း ဖြစ်ပါသည်။ ဤသို့သော အခြေအနေတွင် ချင်းပြည်သူများကို တရားမဝင်အုပ်ချုပ်နေသော နအဖစစ် အုပ်စုသည် လူမှုအကူအညီများ ပေးမည့်အစား ပြည်သူများ၏နေ့စဉ်ဘဝကို ခြိမ်းခြောက်နှောက်ယှက်ကာ ဒုက္ခမျိုးစုံပေးနေသည့် အပြင် ငတ်မွတ် ခေါင်းပါးမှုဒါဏ်ကို ခံစားနေကြသည့် ချင်းပြည်သူများကို အောက်ပါအတိုင်း အတင်းအဓမ္မ ဆက်ကြေးများ ကောက်ခံနေပါသည်။

မြို့ပေါ်တွင်နေထိုင်သူ ချင်းပြည်သူများထံ အိမ်ထောင်အလိုက်ကောက်ခံသည့် အခွန်များ

၁။ စည်ပင်သာယာရေးမှ ကောက်ခံသည့် အခွန်အမျိုးအစားနှင့် နှုန်းထားများ

ဆိုင်ကယ်ခွန် (တနှစ်/တစီး) ........................................ ၅၀၀၀.၀၀
ကားကြီးခွန် (တနှစ်/တစီး)........................................ ၁၀၀၀၀.၀၀
ကားသေးခွန် (တနှစ်/တစီး)........................................ ၇၀၀၀.၀၀
ဆန်စက်ခွန် (တနှစ်/တလုံး)........................................ ၄၅၀၀.၀၀
တိုက်အိမ်မြေခွန်(တနှစ်)........................................ ၉၅၀၀.၀၀
ပျဉ်ထောင်အိမ် မြေခွန် (တနှစ်)........................................ ၃၅၀၀.၀၀
အထည်ဆိုင် (တနှစ်)........................................ ၁၅၄၀၀.၀၀
စက်ချုပ်ဆိုင် (တနှစ်)........................................ ၁၂၀၀၀.၀၀
ရေသွယ်ခ (တနှစ်)........................................ ၁၅၀၀၀၀.၀၀
ရေခွန် (တနှစ်)........................................ ၇၂၀၀.၀၀
ရေထိန်းသိမ်းခ (တနှစ်)........................................ ၅၀၀.၀၀
ကုန်စိမ်းသည် (တရက်)........................................ ၂၀၀.၀၀
ဈေးရောင်း (တရက်)........................................ ၂၀၀.၀၀
အနေးယဉ် (နွားလှည်း/မြင်း) ပြည်တွင်းကုန် (တနှစ်)........................................ ၅၀၀.၀၀
အနေးယဉ် (နွားလှည်း/မြင်း) ပြည်ပကုန် (တနှစ်)........................................ ၂၀၀၀.၀၀
အမှိုက်ခွန် (တနှစ်)........................................ ၂၄၀၀.၀၀
သားသတ်ခွန် (တနှစ်)........................................ ၃၅၀၀.၀၀

၂။ အကောက်ခွန်ဌာနမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
အိမ်ဆောက်ခွန်အတွက် အရင် ၁၀% နှင့် အမြတ်ခွန်အတွက် အရင်း ၁၀% (ဥပမာ၊ အိမ်တလုံးဆောက်ရန် သိန်း ၅၀ ကုန်ကျပါက ၅ သိန်းပေးရန် နှင့် ၎င်း အိမ်မှ လစဉ် ၁၀ သိန်း ဝင်ငွေရပါက လစဉ် ၁ သိန်း ပေးရန်)

၃။ မြို့နယ်ကြံ့ဖွတ်မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
မြို့ဝင်ဘီးခွန် တစီးလျှင်..........၅၀၀.၀၀
လူမှုရန်ပုံငွေအတွက် တအိမ်လျှင် (တနှစ်)..........၁၂၀၀၀.၀၀
ပေါ်တာကင်းလွတ်ခ..........၃၀၀၀.၀၀

၄။ မြို့နယ်လျှပ်စစ်ရုံးမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
မီတာဘောက်တပ်ဆင်ခ (တစ်လုံး)..........၅၀၀၀၀၀.၀၀
လမ်းမီးခွန် (တအိမ်)..........၁၂၀၀.၀၀
အိမ်သုံးလျှပ်စစ် (တအိမ်)..........၇၀၀၀.၀၀
မီးပြင်ခ (တခါပြင်)..........၁၀၀၀.၀၀

၅။ မြို့နယ် ရဲတပ်ဖွဲ့မှ ကောက်ခံငွေ အခွန်အမျိုးအစားနှင့် နှုန်းထား
သေနတ်လိုင်စင် တလုံးပြူး တလက်(တနှစ်)..........၁၀၀၀.၀၀
သေနတ်လိုင်စင် နှစ်လုံးပြူး တလက် (တနှစ်)..........၃၀၀၀.၀၀
သေနတ်လိုင်စင် တူမီးသေနတ် တလက် (တနှစ်)..........၅၀၀.၀၀
အသားခေါင်းကြေး (အမဲတကောင်)..........၁၀၀၀.၀၀

၆။ သစ်တောဌာနမှ ကောက်ခံငွေ အခွန်အမျိုးအစားနှင့် နှုန်းထား
ထင်းမီး (တတန်)..........၅၀၀.၀၀
လွှဆွဲပျဉ်ပြား (တတန်)..........၂၀၀၀၀.၀၀

၇။ တိ/ကု ဌာနမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
သားသတ်ခွန် (တကောင်)..........၂၀၀၀.၀၀

၈။ ပြည်ထောင်စု ကြံ့ဖွတ်မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
ကြံ့ဖွတ်ခွန် (တနှစ် - ၂၀၀၁ ခုနှစ်)..........၃၀၀၀.၀၀

ကျေးလက်ဒေသ ပြည်သူများထံကောက်ခံသော အခွန်များ

၉။ စည်ပင် မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
အိမ်ခွန် တအိမ် (တနှစ်)..........၃၀၀၀.၀၀
ယာခွန် တနှစ် (တအိမ်)..........၂၀၀.၀၀
စပါးကျီခွန် (တအိမ်)..........၅၀.၀၀
လယ်ခွန် (တအိမ်)..........၁၀၀၀.၀၀

၁၀၊ သစ်တော မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား
ယာမီးရှို့ ခွန် (တအိမ်)..........၁၀၀.၀၀
သစ်တောခွန် (တအိမ်)..........၇၅၀.၀၀
ဥယာဉ်ခြံခွန် (တအိမ်)..........၁၅၅၀.၀၀

Chin National Front – General Headquarters, Chinland

၁၁။ နအဖ တပ်စခန်းမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

| | |
|---|---|
| ပေါ်တာ တခါကင်းလွတ်ခ (တအိမ်) | ၅၀၀၀.၀၀ |
| မော်တော်ကားလမ်းတူ (တခါလွတ်) | ၂၅၀၀.၀၀ |
| ဆန်တပုံး အတွက် (တအိမ်) | ၆၀၀၀.၀၀ |
| တအိမ် ကြက်သုံးကောင် နှုန်း | ၄၅၀၀.၀၀ |
| ပြည်သူ့စစ် သင်တန်းပျက်ကွက်ခ (တဦး) | ၅၀၀၀.၀၀ |

ထို့ကြောင့် မြို့ပေါ်နေ ချင်းပြည်သူ တအိမ်ထောင်သည် တနှစ်လျှင် ကျပ်ငွေ ၈၀၀၀၀.၀၀ (ရှစ်သိန်းကျော်) နှင့် ကျေးလက်နေ ချင်းပြည်သူ တအိမ်ထောင်သည် တနှစ်လျှင် ကျပ်ငွေ ၄၀၀၀၀.၀၀ (လေးသောင်းကျော်) ကို နအဖ စစ်အုပ်စုနှင့် လက်ပါးစေများထံ အခွန်အတုတ်ကြီးလေးစွာ ပေးဆောင်နေရသည်။ အထက်ဖော်ပြပါ အာဏာပိုင်ဌာန (၈) ခုအပြင် အခြားဌာနများကလည်း ချင်းပြည်သူများကို နည်းမျိုးစုံဖြင့် သွေးစုတ်ချယ်လှယ်နေကြကြောင်း သိရပါသည်။

ငတ်မွတ်ခေါင်းပါးမှုဒါဏ်ကို အလူးအလဲခံစားနေချိန်တွင် အကူအညီများပေးမည့်အစား ကြီးမားသော အခွန်အတုတ်မျိုးစုံဖြင့် ချင်းပြည်သူများကို သွေးစုတ်ချယ်လှယ်နေသည့် နအဖစစ်အုပ်စုကြောင့် ၂၀၀၈ ခုနှစ်သည် ချင်းအမျိုးသားသမိုင်းတွင် အဆိုးဝါးဆုံးသော ကပ်ဆိုးကြီးရင်ဆိုင်သည့်နှစ် ဖြစ်မည်ဟု သုံးသပ်ကြပါသည်။

ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး၏ ပဉ္စမအကြိမ်မြောက် ဗဟိုကော်မီတီအစည်းအဝေးက ချင်းပြည်သူများထံမှ တနှစ် လျှင် ကျပ်ငွေ ၃၀၀၀.၀၀ ကောက်လာခဲ့သော အိမ်ခွန်ကို ကျပ်ငွေ ၁၀.၀၀ သို့လည်းကောင်း၊ အရင်း၏ ၅ ရာခိုင်နှုန်း ကောက်လာခဲ့သော အကောက်ခွန်ကို ၃ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချကောက်ခံရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်ပါ၍ ချင်းလဲန်းတွင် ဝါးသုဦးမှုဒါဏ်ကြောင့် အငတ်ဘေးနှင့် ရင်ဆိုင်နေသည့်အပြင် နအဖလုပ်ရပ်ကြောင့် ဒုက္ခပင်လယ်နစ်နေကြသော ချင်းပြည်သူများအတွက် နိုင်ငံတကာမိသားစုမှ အစိုးရများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ လူမှုအကူအညီများ ပေးကမ်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း

Chin National Front – General Headquarters, Chinland